**Special Advisory Council for MYANMAR**

# မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ပြန်လည် တိုက်ခိုက်နိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂမှ တရားဝင်ချမှတ်ထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကြီးမားစွာ အရေးတကြီး လိုအပ်လျက်ရှိသည်

နေ့စွဲ။ ။၂၂ ဇူလိုင်၊ ၂၀၂၁။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေး၏ တတိယလှိုင်းကို ပြင်းထန်ဆိုးရွားစွာ ခံစားနေကြရသည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် လက်ရှိမြေပြင်ပေါ်တွင် လူမှုဝန်ထမ်းများ ခန့်ထားခြင်း၊ မြန်မာပြည်သူလူထုအနေဖြင့် အသက်ကယ်ရန် လိုအပ်သည့် ပစ္စည်းများကို လက်လှမ်းမှီစေရန် ကူညီခြင်းစသည့် နိုင်ငံတစ်ကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပေးရန် တရားဝင်ချမှတ်သင့်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ ပြောကြားလိုပါသည်။

မြန်မာနိုင်ငံရှိ စစ်အုပ်စုအနေဖြင့် ၎င်းတို့အာဏာသိမ်းယူရန် ကြိုးပမ်းခဲ့သည့် လွန်ခဲ့သည့် ခြောက်လတာ ကာလမှ စတင်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို စည်းလွတ်ဝါးလွတ် လွှတ်ထားခဲ့ပါသည်။ ၎င်းစစ်အုပ်စု၏ မအောင်မြင်ခဲ့သော ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းမှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ် ပြိုလဲမှုကိုပါ ဖြစ်ပေါ်စေခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဘေး၏

တတိယလှိုင်းကို မြန်မာပြည်သူလူထုအနေဖြင့် ပြင်းထန်ဆိုးရွားစွာ ခံစားနေကြရသည့် အဖြစ်အပျက်နှင့်လည်း ကြုံတွေ့ရစေပါသည်။ ပြည်သူလူထုအနေဖြင့် အောက်စီဂျင်နှင့် ဆက်စပ်ပစ္စည်းများ ရရှိရန် လမ်းမများပေါ်တွင် တန်းစီနေကြရခြင်း၊ မိသားစုဝင်များအနေဖြင့် ၎င်းတို့၏ ချစ်သူ၊ခင်သူများကို ဆုံးရှုံးကြရခြင်းနှင့် မီးသဂြိုလ်စက်များသည်လည်း အလောင်းများကို မီးသဂြိုလ်နိုင်သည့် လုပ်နိုင်စွမ်းထက် ပိုမိုဆိုးရွားသော အခြေအနေများနှင့် ကြုံတွေ့နေကြရပါသည်။

**“မြန်မာနိုင်ငံရဲ့ အခြေအနေဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးဒုက္ခဖြစ်လာတဲ့အတွက် နိုင်ငံတစ်ကာရဲ့ ကျန်းမာရေးနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပံ့ပိုးပေးကြရမယ့်ကိစ္စက အရမ်းကို မရှိမဖြစ် အရေးကြီးလာပါပြီ၊ စစ်အုပ်စုဟာ သူတို့ တမင်တကာ ဖန်တီးခဲ့တဲ့ ဒီကပ်ဘေးဒုက္ခကို ပြေလည်အောင် ဖြေရှင်းနိုင်စွမ်းလည်း မရှိသလို ဖြေရှင်းချင်တဲ့ စိတ်ဆန္ဒရှိတာကိုလည်း မတွေ့ရပါဘူး”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ **Chris Sidoti** က ပြောကြားခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ဖြစ်သော အာဆီယံတို့ ပူးပေါင်း၍ မြန်မာနိုင်ငံကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အလျင်အမြန်ပေးအပ်ရန် တရားဝင် ချမှတ်၊ထုတ်ပြန်ရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီအနေဖြင့် တိုက်တွန်းလိုပါသည်။ ယခုနည်းလမ်းတစ်ခုတည်းသည်သာလျှင် မြန်မာနိုင်ငံတွင်းရှိ သန်းနှင့်ချီသော ပြည်သူများနှင့် မတရားဖမ်းဆီးထောင်ချခံကြရသည့် ထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများထံသို့ လိုအပ်သည့် အသက်ကယ်ပစ္စည်းများ ရောက်ရှိနိုင်မည့် နည်းလမ်းဖြစ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီအနေဖြင့် ကပ်ရောဂါဘေးကို ပြန်လည်ခုခံနိုင်မည့် ပစ္စည်းများအား မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်ပြီး ပေးပို့ရန် အလျင်အမြန်လိုအပ်ကြောင်းကို တိုက်တွန်းပြောကြားခဲ့ပါသည်။ ၎င်းလုပ်ရပ် အောင်မြင်ရန်အတွက် ပြည်သူလူထု အသက်ရှင်ရန် ကြိုးပမ်းနေကြသည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားအုပ်ချုပ်မှုဌာနများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ

အမျိုးသားညီညွတ်ရေးအစိုးရနှင့် အကြမ်းမဖက် အာဏာဖီဆန်သည့် လှုပ်ရှားမှုတွင် ပါဝင်ကြသူများ၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးအကြီးဆုံးနေရာတွင် ရှိနေပါသည်။

မြန်မာနိုင်ငံ အမျိုးသား ညီညွတ်ရေး အစိုးရအနေဖြင့် နိုင်ငံတစ်ကာ အသိုင်းအဝိုင်း၏ အကူအညီကို တောင်းဆိုထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စစ်အုပ်စုမှ နိုင်ငံတစ်ကာကို အကူအညီတောင်းသည်အထိ စောင့်ဆိုင်းနေရန် မဖြစ်နိုင်ပါ၊ ၄င်းအချက်ကိုလည်း ၂၀၀၈ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို ကြီးမားစွာ ဆုံးရှုံးမှုဖြစ်စေခဲ့သော နာဂစ်မုန်တိုင်း၏ ကပ်ဘေးကို ကိုင်တွယ်ပုံကို ကြည့်၍ သိနိုင်ပါသည်။

**"ယခုကပ်ဘေးဟာ ဒေသတွင်း မပြောနဲ့၊ ကမ္ဘာကြီးအနေနဲ့တောင် ဘယ်လိုမှ လျစ်လျူရှုထားနိုင်တဲ့ အဖြစ်အပျက်မျိုး မဟုတ်ပါဘူး၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယဖက်ကို ထွက်ပြေးတိမ်းရှောင်သွားကြတဲ့ လူတွေရဲ့ အခက်အခဲကို သက်သာအောင် လုပ်ပေးနိုင်တဲ့ ကိစ္စတွေဟာ ကပ်ဘေးရဲ့ အခရာကျတဲ့ ပြည်တွင်းက ဘေးဒုက္ခတွေကို သက်သာသွားအောင် ဘယ်လိုမှ လုပ်ပေးနိုင်စွမ်းမရှိပါဘူး၊ ဒီကိစ္စဟာ ဒေသတွင်းရော၊ နိုင်ငံတစ်ကာကပါ အဓိက ဦးစားပေးပြီး အလုပ်လုပ်ကြရမယ့် မဟာဗျူဟာ ရည်မှန်းချက် ဖြစ်ရပါမယ်"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီဝင် Marzuki Darusman မှ ပြောကြားခဲ့ပါသည်။

စစ်အုပ်စု၏ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်ဆီဂျင်နှင့် ဆက်စပ်ပစ္စည်းများ၊ တစ်ကိုယ်ရည်သုံး ရောဂါကာကွယ်ရေး ပစ္စည်းများကို ဖမ်းဆီးသိမ်းဆည်းခြင်းနှင့် ကပ်ရောဂါ သက်သာစေရေး လုပ်ငန်းများတွင် လုပ်အားပေးသော ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို ဖမ်းဆီးခြင်းတို့ကိုလည်း ပြုလုပ်လျက်ရှိပါသည်။ ရပ်ရွာအခြေပြု ရောဂါကာကွယ်ရေး စစ်ဆေးရေးဂိတ်များကိုလည်း ဖျက်ဆီးခဲ့ကြပါသည်။ ယခုကာလတွင်ပင် စစ်အုပ်စုသည် ရောဂါအမှန်တကယ် ဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်းများကို များစွာလျှော့ချလိမ်လည် ပြောဆိုနေကြပါသည်။

**"စစ်အုပ်စုဟာ ကပ်ဘေးသက်သာစေရေး အကူအညီတွေကို ပေးပို့ရာမှာ အတူလက်တွဲလုပ်ဆောင်လို့ရတဲ့ မိတ်ဖက်တွေ မဟုတ်ပါဘူး၊ ဒါကြောင့်မို့လို့ တကယ့် မြေပြင်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေရှိနေဖို့ လိုအပ်ပါတယ်၊ အကူအညီတွေကို ပေးတဲ့နေရာမှာ နိုင်ငံတစ်ကာ**

**ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများမှတစ်ဆင့်သာ ပေးအပ်ရမှာဖြစ်ပြီး သူတို့ရဲ့ နိုင်ငံတော်ကို ကယ်တင်ချင်ပေမယ့် လက်ရှိမှာ ပုန်းအောင်း၊ တိမ်းရှောင်နေကြရတဲ့ မြန်မာနိုင်ငံသား ကျန်းမာရေးဝန်ထမ်းတွေကိုလည်း နိုင်ငံတစ်ကာ အနေနဲ့ ကာကွယ်ပေးဖို့ စတာတွေ လုပ်ရပါမယ်၊ အခုအချိန်မှာတော့ ဘယ်သူကမှ စစ်အုပ်စုပြောသမျှ ဘာကိုမှ အယုံအကြည်ရှိတော့မှာ မဟုတ်ပါဘူး။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီအဖွဲ့ဝင် Yanghee Lee မှ ပြောကြားခဲ့ပါသည်။